# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

# ရွှေ့ပြောင်းလူဦးရေစာရင်း



သန်းခေါင်စာရင်းအစီရင်ခံစာအတွဲ (၁)

ပြည်သူ့အင်အားဦးစီးဌာန

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ)

# ဥယျောဇဉ်

နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာမည်ဆိုပါက အဆိုပါ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ညွှန်းဆိုသော ကိန်းဂဏန်းအချက်အလက်များ၏ မှန်ကန်မှုသည် အလွန်အရေးကြီးပါသည်။ နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး ကိစ္စရပ်များ အတွက် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက် ရာတွင်အခြေခံအသုံးပြုရသည့် စာရင်းအင်းအချက်အလက်များအနက် အဓိကကျသည့် လူဦးရေ ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို လူဦးရေသန်းခေါင်စာရင်းများမှသာ ရရှိနိုင်ပါသည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရရှိပြီးနောက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူဦးရေ သန်းခေါင်စာရင်းများကို ၁၉၇၃ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၈၃ ခုနှစ်တွင်တစ်ကြိမ်၊ ၂၀၁၄ ခုနှစ် တွင် တစ်ကြိမ်ကောက်ယူခဲ့ပါသည်။ နိုင်ငံတော်၏ လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ အချက် အလက်များကို စဉ်ဆက်မပြတ်ရရှိရန်အတွက် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ (၁၀) နှစ် တစ်ကြိမ် လူဦးရေသန်းခေါင်စာရင်း ပုံမှန်ကောက်ယူရန် လိုအပ်ပါသည်။ ထို့ပြင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို အခြေခံ၍ နှစ်အလိုက် ခန့်မှန်းတွက်ချက် ခဲ့သော လူဦးရေစာရင်းများသည် မူလအခြေခံသောသန်းခေါင်စာရင်းနှစ်နှင့် ဝေးကွာလာသည် နှင့်အမျှ ခိုင်မာမှုအားနည်းလာ၍ ပြန်လည်ခန့်မှန်းတွက်ချက်ရန် လိုအပ်လာပါသည်။

သို့ဖြစ်၍ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအတွက် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ည သန်းခေါင်ယံအချိန်ကို သန်းခေါင်စာရင်းရည်ညွှန်းချိန် အဖြစ်သတ်မှတ်၍ မြန်မာနိုင်ငံနယ်နိမိတ်အတွင်းနေထိုင်သူများကို အောက်တိုဘာလ ၁ ရက်နေ့မှ အောက်တိုဘာလ ၁၅ ရက်နေ့အထိ (၁၅) ရက်ကြာ စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်ခဲ့ ပါသည်။ လမ်းပန်းဆက်သွယ်ရေးနှင့် နယ်မြေလုံခြုံရေး အခြေအနေအရ အချို့ဒေသများတွင်မူ ဒီဇင်ဘာလ ဒုတိယပတ်အထိ ရက်တိုးမြှင့်ကောက်ယူခဲ့ပါသည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည် ၂၀၁၃ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းဥပဒေ (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်

ဥပဒေအမှတ် - ၁၉) ကိုအခြေခံ၍ ကောက်ယူခဲ့ခြင်းဖြစ်ပါသည်။ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ စာရင်းကောက်ယူခြင်း၊ စာရင်းဇယားပြုစုခြင်းနှင့် ဆန်းစစ်လေ့လာခြင်း၊ အစီရင်ခံစာထုတ်ပြန်ခြင်းစသည့်လုပ်ငန်းစဉ်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်ရန် ဥပဒေက အာဏာအပ်နှင်းထားပြီးဖြစ်သကဲ့သို့ သန်းခေါင်စာရင်းဥပဒေအရ အစိုးရအဖွဲ့သည် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ဖြစ်စေ၊ တစ်စိတ်တစ်ဒေသတွင်ဖြစ်စေ သန်းခေါင်စာရင်း ကောက်ယူနိုင်ပါသည်။ သန်းခေါင်စာရင်း ကောက်ယူရန် ခက်ခဲသောဒေသများအတွက် ကောက်ယူနိုင်မည့်နည်းလမ်းများကို ဆန်းစစ်လေ့လာသုံးသပ်၍ အသင့်လျော်ဆုံးနည်းဖြင့် ကောက်ယူနိုင်ကြောင်း ဖော်ပြထားပါသည်။

သန်းခေါင်စာရင်းစီမံချက်ကို အကောင်အထည်ဖော်ရာတွင် ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ အနီးကပ်ကြီးကြပ်လမ်းညွှန်မှုကိုခံယူပြီး သန်းခေါင်စာရင်းကော်မတီအဆင့်ဆင့်ဖွဲ့စည်းကာ ယခင်ဆောင်ရွက်ခဲ့သည့် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း အတွေ့အကြုံများဖြင့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီဖြစ်စေရန် ဟန်ချက်ညီညီ ဆောင်ရွက်ခဲ့ပါသည်။

ယခု ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းတွင် Computer-Assisted Personal Interviewing (CAPI) စနစ် ထည့်သွင်းထားသည့် Mobile Tablet များဖြင့် စာရင်းကောက်ယူခဲ့သည့်အတွက် မေးခွန်းပုံစံစာရွက်များ အသုံးပြုရန်မလိုအပ်ဘဲ ကောက်ယူရရှိသည့် အချက်အလက်များသည် Server သို့ တိုက်ရိုက်ရောက်ရှိပါသည်။ CAPI စနစ်အသုံးပြုခြင်းသည် စာရင်းကောက်ယူနေစဉ်၌ ရှေ့နောက်ဆီလျော်မှုရှိ/မရှိ စစ်ဆေးမှုများပြုလုပ်နိုင်ခြင်း၊ အချို့မေးခွန်းများနှင့် ကောက်ယူရရှိသည့် အဖြေများ ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးနိုင်ခြင်း (ဥပမာ - အသက်နှင့် မွေးသက္ကရာဇ်)၊ စာရင်းကောက်ကပြုလုပ်နိုင်သည့် အမှားများကို လျှော့ချပေးနိုင်ခြင်းစသည့် အားသာချက်များ ရှိပါသည်။

၂၀၂၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းရလဒ်များကို အဆင့်ဆင့်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။ ယခုထုတ်ပြန်သည့် ရွှေ့ပြောင်း

လူဦးရေစာရင်းသည် ပထမဆုံးအဆင့် ထုတ်ပြန်သောအစီရင်ခံစာဖြစ်ပါသည်။ ရွှေ့ပြောင်းလူဦးရေစာရင်းထုတ်ပြန်နိုင်ခြင်းသည် နိုင်ငံတော်၏ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု၊ လူမှုစီးပွားဘဝပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်ရေးနှင့် လူမှုစီးပွားဘဝဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၏ ကတိကဝတ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် ပြယုဂ်တစ်ခုဖြစ်ပါသည်။ ထို့ပြင် သန်းခေါင်စာရင်းမှကောက်ယူရရှိသည့် အချက်အလက်များကို ဆောလျင်စွာထုတ်ပြန်ကြေညာရမည် ဆိုသောပြဋ္ဌာန်းချက်ကို လိုက်နာ၍ ရွှေ့ပြောင်းလူဦးရေစာရင်း အစီရင်ခံစာကို ထုတ်ပြန်ခြင်းဖြစ်ပါသည်။

၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း၊ ရွှေ့ပြောင်းလူဦးရေစာရင်းအရ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ ညသန်းခေါင်ယံအချိန် (သန်းခေါင်စာရင်းရည်ညွှန်းချိန်) တွင် မြန်မာနိုင်ငံအတွင်း၌ ရှိနေသော လူဦးရေစုစုပေါင်းမှာ (၅၁,၃၁၆,၇၅၆) ဦး ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ကောက်ယူရရှိသော လူဦးရေမှာ (၃၂,၁၉၁,၄၀၇) ဦးဖြစ်ပြီး စာရင်းကောက်ယူနိုင်ခြင်းမရှိသည့် ဒေသများအတွက် Remote Sensing နည်းပညာဖြင့် ဆောင်ရွက်၍ ခန့်မှန်းတွက်ချက်ထားသော လူဦးရေစာရင်းမှာ (၁၉,၁၂၅,၃၄၉) ဦး ဖြစ်ပါသည်။ အဆိုပါကိန်းဂဏန်းများကို ပင်မအစီရင်ခံစာ ထုတ်ပြန်ပြီးစီးချိန်အထိ ရွှေ့ပြောင်းလူဦးရေကိန်းဂဏန်းများအဖြစ် အသုံးပြုသွားမည်ဖြစ်ပါသည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းစဉ်များအပေါ် အလေးထားလမ်းညွှန်ခဲ့ပါသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် လုပ်ငန်းစဉ်အစမှအဆုံးထိ ဦးဆောင်မှုအပြည့်အဝပေးခဲ့ပါသော ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းတို့အားလည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဦးဆောင်ကြပ်မတ်ပေးခဲ့ပါသော နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များအားလည်းကောင်း၊ အားသွန်ခွန်စိုက် ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးခဲ့ကြသည့် အဆင့်ဆင့်သော နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊

ခရိုင်၊ မြို့နယ်အသီးသီးမှ သန်းခေါင်စာရင်းကော်မတီဝင်များ၊ သင်တန်းနည်းပြများ၊ စာရင်းစစ်၊ စာရင်းကောက်များအဖြစ် ဆောင်ရွက်ပေးခဲ့ကြသော နိုင်ငံတစ်ဝန်းမှ ပညာရေးဝန်ထမ်းများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ဝန်ထမ်းများ အပါအဝင် လူမှုရေးအဖွဲ့အစည်းများမှ စေတနာရှင်၊ လုပ်အားရှင်အားလုံးကိုလည်းကောင်း ကျေးဇူး ဥပကာရ အထူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

ဎင်းအပြင် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းလုပ်ငန်းစဉ်တစ်ခုလုံးကို အစ၊ အလယ်၊ အဆုံး အောင်မြင်အောင် ဆောင်ရွက်ပေးခဲ့သည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် မေးခွန်းများအား လိုလားနှစ်ခြိုက်စွာ ဖြေဆိုခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတစ်ဝန်းရှိ ပြည်သူပြည်သား တိုင်းရင်းသား ညီအစ်ကို မောင်နှမများအားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် အခက်အခဲများကြားမှပင် ပြည်သူများ၏ စိတ်အားထက်သန်စွာပူးပေါင်းပါဝင်မှုကြောင့် သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကြီးကို အောင်မြင်စွာ ကောက်ယူနိုင်ခဲ့သည်ဟု အစဉ်ထာဝရ ယုံကြည်စွဲမှတ်ထားပါကြောင်း ထပ်လောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

ဦးမြင့်ကြိုင်

ဥက္ကဋ္ဌ၊ ဗဟိုသန်းခေါင်စာရင်းကော်မရှင်

ပြည်ထောင်စုဝန်ကြီး

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# မာတိကာ


ဇယားများ ....... VI

မြေပုံနှင့် ဂရပ်များ ....... VI

အခန်း (၁) ....... ၁

နိဒါန်း၁

၁.၁ မြန်မာနိုင်ငံတွင်ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းများ ....... ၁

၁.၂ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ....... ၂

၁.၂.၁ ဥပဒေနှင့် အုပ်ချုပ်မှု ....... ၃

၁.၂.၂ စာရင်းကောက်ကွက်မြေပုံများရေးဆွဲခြင်းနှင့် စာရင်းကောက်ကွက်ဖွဲ့စည်းခြင်း ....... ၄

၁.၂.၃ သန်းခေါင်စာရင်း မေးခွန်းပုံစံများ ....... ၆

၁.၂.၄ CAPI စနစ်ဖြင့် စာရင်းကောက်ယူခြင်း ....... ၇

၁.၂.၅ လူထုအသိပညာပေးခြင်းနှင့် ပြည်သူလူထုမှပူးပေါင်းပါဝင်လာစေရန်ဆောင်ရွက်ခြင်း ....... ၈

၁.၂.၆ သန်းခေါင်စာရင်းကောက်ယူခြင်း ....... ၁၀

၁.၂.၇ ရွှေ့ပြောင်းလူဦးရေစာရင်း ....... ၁၀

၁.၃ စာရင်းကောက်ယူနိုင်မှုအခြေအနေ ....... ၁၁

အခန်း (၂) ....... ၁၂

ရွှေ့ပြောင်းလူဦးရေစာရင်း ....... ၁၂

၂.၁ လူဦးရေအရွယ်အစား ....... ၁၂

၂.၂ မြို့ပြ/ကျေးလက်လူဦးရေ ....... ၁၄

၂.၃ ကျား/မ လူဦးရေ ....... ၁၆

၂.၄ လူဦးရေပြောင်းလဲလာမှု ....... ၁၇

၂.၅ လူဦးရေသိပ်သည်းမှု ....... ၁၈

၂.၆ အိမ်ထောင်စုအရေအတွက်နှင့် အရွယ်အစား ....... ၂၀

၂.၇ စာရင်းမကောက်ယူနိုင်ခဲ့သည့် လူဦးရေကို ခန့်မှန်းခြင်း ....... ၂၁

၂.၈ နိဂုံး ....... ၂၃

## ဇယားများ

ဇယား (၁) တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျား/မအလိုက် လူဦးရေပျံ့နှံ့နေထိုင်မှု ............ ၁၃

ဇယား (၂) တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ပြ/ကျေးလက်အလိုက် လူဦးရေ .................... ၁၅

ဇယား (၃) မြို့နယ်အလိုက် အိမ်ထောင်စုလူဦးရေနှင့် အဖွဲ့အစည်းလူဦးရေ ........................ ၂၄

## မြေပုံနှင့် ဂရပ်များ

ပုံ (၁) တိုင်းဒေသကြီး/ပြည်နယ်အလိုက် လူဦးရေအချိုး ........................................ ၁၄

ပုံ (၂) တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျား/မအချိုး ........................................ ၁၆

ပုံ (၃) မြန်မာနိုင်ငံ၏ လူဦးရေပြောင်းလဲလာမှု (၁၈၇၂-၂၀၂၄) .................................. ၁၇

ပုံ (၄) တိုင်းဒေသကြီး/ပြည်နယ်အလိုက် လူဦးရေသိပ်သည်းမှု ...................................... ၁၉

ပုံ (၅) တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပျမ်းမျှအိမ်ထောင်စုအရွယ်အစား .......................... ၂၁

# အခန်း (၁)

# နိဒါန်း

## ၁.၁ မြန်မာနိုင်ငံတွင်ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူပြီး (၁၀) နှစ်အကြာတွင် ကောက်ယူခဲ့ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များကို သန်းခေါင်စာရင်းများကသာ ရရှိလေ့ရှိပါသည်။ အဆိုပါအချက်အလက်များသည် သတ်မှတ်ချိန်အတွင်းရှိ လူဦးရေနှင့် အိမ်ထောင်စုများ၏ အရွယ်အစား၊ ပျံ့နှံ့မှု၊ လက်ရှိ လူမှုစီးပွားဆိုင်ရာ သွင်ပြင်လက္ခဏာများနှင့် ပြောင်းလဲမှုများကို သတ်မှတ်ဆုံးဖြတ်ရန် အလွန်အသုံးဝင်ပါသည်။

တိကျ၍ အချိန်နှင့်တစ်ပြေးညီဖြစ်သည့် အချက်အလက်များသည် ထိရောက်သော ဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲခြင်း၊ အထောက်အထားအပေါ်အခြေခံသော ဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒီမိုကရေစီအသွင်ကူးပြောင်းခြင်း လုပ်ငန်းစဉ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆုံးဖြတ်ချက်များ၊ သုတေသနလုပ်ငန်းများအတွက် မရှိမဖြစ်လိုအပ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံတွင် လက်ရှိကြုံတွေ့နေရသော နိုင်ငံရေးအကျပ်အတည်းများနှင့် အကြမ်းဖက်ဖြစ်စဉ်များ၏အကျိုးဆက်ကြောင့်ဆုံးရှုံးခဲ့ရသည့် အခြေခံအဆောက်အအုံများနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝကို ပြန်လည်ထူထောင်နိုင်ရန် မြေပြင်အခြေအနေမှန်ကို ဖော်ပြသော တိကျမှန်ကန်မှုရှိသည့် စာရင်းအင်းအချက်အလက်များသည် မရှိမဖြစ် လိုအပ်ပါသည်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံးသန်းခေါင်စာရင်းကို ဘီစီ ၅၀၀ ခန့်က တကောင်းဘုရင် မင်းဆက်၊ သတိုးသီဟမဟာဓမ္မရာဇာဘုရင်လက်ထက်တွင် စတင်ကောက်ယူခဲ့ကြောင်း အထောက်အထားများအရ သိရှိရပါသည်။ ဗြိတိသျှခေတ်က ပထမဆုံး လူဦးရေသန်းခေါင်စာရင်းကို မြန်မာနိုင်ငံအောက်ပိုင်းတွင် အိန္ဒိယသန်းခေါင်စာရင်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် ၁၈၇၂ ခုနှစ်၌ ကောက်ယူခဲ့ပါသည်။ ထို့နောက် ၁၈၈၁ ခုနှစ်မှစတင်၍ ဆယ်နှစ်လျှင်တစ်ကြိမ်

သန်းခေါင်စာရင်းများ ပုံမှန်ကောက်ယူခဲ့ပါသည်။ ၁၈၉၁ ခုနှစ်မှ ၁၉၄၁ ခုနှစ်အထိ ဆယ်နှစ်လျှင် တစ်ကြိမ်ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းများသည် မြန်မာတစ်နိုင်ငံလုံးကို လွှမ်းခြုံအောင် ကောက်ယူနိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သန်းခေါင်စာရင်းများကို ၁၉၇၃ ခုနှစ်တွင် တစ်ကြိမ်နှင့် ၁၉၈၃ ခုနှစ်တွင် တစ်ကြိမ် ကောက်ယူခဲ့ပါသည်။ အဆိုပါသန်းခေါင်စာရင်းများကောက်ယူရာတွင် လွှမ်းခြုံနိုင်မှုနှင့်ပတ်သက်၍ အခက်အခဲများ၊ စိန်ခေါ်မှုများကြုံတွေ့ခဲ့ရပါသည်။ ၁၉၈၃ ခုနှစ် နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် နှစ်ပေါင်း (၃၀) ကျော် သန်းခေါင်စာရင်း ကောက်ယူနိုင်ခြင်းမရှိဘဲ ၂၀၁၄ ခုနှစ် ရောက်မှသာ တတိယအကြိမ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ဦးစားပေး လိုအပ်ချက် တစ်ရပ်အနေဖြင့် ကောက်ယူခဲ့ပါသည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူပြီးနောက် (၁၀) နှစ်ကြာသည့်အချိန်တွင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များကို စဉ်ဆက်မပြတ်ရရှိရန် ထပ်မံ၍ သန်းခေါင်စာရင်းကောက်ယူရန် လိုအပ်လာပါသည်။ ထို့ပြင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အခြေခံ၍ နှစ်အလိုက်ခန့်မှန်း တွက်ချက်ခဲ့သော လူဦးရေစာရင်းများသည် မူလအခြေခံသော သန်းခေါင်စာရင်းနှစ်နှင့် ဝေးကွာလာသည်နှင့်အမျှ ခိုင်မာမှုအားနည်းလာသဖြင့် ပြန်လည်ခန့်မှန်း တွက်ချက်ရန်လိုအပ်လာသောကြောင့် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ စတုတ္ထအကြိမ်မြောက် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ကောက်ယူခဲ့ပါသည်။

## ၁.၂ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ခွင့်ပြုချက်ဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခဲ့ပါသည်-

(က) မြန်မာနိုင်ငံ၏ တိကျမှန်ကန်သော လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ်ရရှိရန်၊

(ခ) ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကြား မြန်မာနိုင်ငံ၏ လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ ပြောင်းလဲမှုများအား နှိုင်းယှဉ်လေ့လာ သုတေသနပြုပြီး လိုအပ်သော မူဝါဒ၊ စီမံကိန်း၊ မဟာဗျူဟာ၊ နည်းဗျူဟာများကို ချမှတ်နိုင်ရန်၊

(ဂ) မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် လိုအပ်သောအညွှန်းကိန်းများ ပံ့ပိုးပေးနိုင်ရန်၊

(ဃ) မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်၏ စာရင်းအင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာကို အထောက်အပံ့ပြုနိုင်ရန်။

## ၁.၂.၁ ဥပဒေနှင့် အုပ်ချုပ်မှု

ပြည်ထောင်စုလွှတ်တော်က လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၉) ဖြင့် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ဥပဒေတွင် မြန်မာနိုင်ငံအစိုးရကိုယ်စား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ နိုင်ငံတော်၏ လူဦးရေ၊ တိရစ္ဆာန်၊ အဆောက်အအုံ၊ ပစ္စည်း၊ လုပ်ငန်းစာရင်းများနှင့် စာရင်းအင်းဆိုင်ရာ အချက်အလက်များကို တိကျမှန်ကန်စွာရရှိရေးဆောင်ရွက်ရန် အာဏာအပ်နှင်းထားပါသည်။ သန်းခေါင်စာရင်းကောက်ယူရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ကောက်ယူရန် တာဝန်ရှိကြောင်းကိုလည်း ဥပဒေတွင် ဖော်ပြပါရှိပါသည်။ ထို့အပြင် သန်းခေါင်စာရင်း ကောက်ယူခဲ့သည့် ဖြေဆိုသူများ၏ တစ်ဦးချင်းကိုယ်ရေးအချက်အလက်များ မပေါက်ကြားစေရေးအတွက် ဖြေဆိုသူများအား အကာအကွယ်ပေးသည့် ဥပဒေပုဒ်မများ ပါရှိပါသည်။

အစိုးရအဖွဲ့သည် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ရန် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ကို ဖွဲ့စည်းနိုင်ကြောင်း ဥပဒေတွင်ပြဋ္ဌာန်းထားပြီး ဗဟိုသန်းခေါင်

စာရင်းကော်မရှင်၏ လုပ်ငန်းတာဝန်များကိုလည်း ပြဋ္ဌာန်းထားပါသည်။ နိုင်ငံတော်အစိုးရသည် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် ဗဟိုသန်းခေါင်စာရင်း ကော်မတီကို နိုင်ငံတော်အဆင့်တွင် ဖွဲ့စည်းခဲ့ပြီး သန်းခေါင်စာရင်းကော်မတီအဆင့်ဆင့်ကိုလည်း သက်ဆိုင်ရာ အုပ်ချုပ်မှုနယ်မြေ ဒေသအလိုက် ဖွဲ့စည်းခဲ့ပါသည်။ သန်းခေါင်စာရင်း ကော်မတီအဆင့်ဆင့်မှ ကော်မတီဝင်များ နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများသည် သန်းခေါင်စာရင်း စီမံချက် လုပ်ငန်းစဉ်အဆင့်ဆင့်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါသည်။

ထို့ပြင် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများ လုံခြုံချောမွေ့စေရန် အတွက် ၂၀၁၈ ခုနှစ်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁) ဖြင့် ပြဋ္ဌာန်းခဲ့သော စာရင်းအင်းဥပဒေပါ ပြဋ္ဌာန်းချက်များကိုပါ လိုက်နာဆောင်ရွက်ခဲ့ပါသည်။

### ၁.၂.၂ စာရင်းကောက်ကွက်မြေပုံများရေးဆွဲခြင်းနှင့် စာရင်းကောက်ကွက်ဖွဲ့စည်းခြင်း

သန်းခေါင်စာရင်း ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းစဉ်တစ်ခုဖြစ်သည့် Geographic Information System (GIS) နည်းပညာအသုံးပြု၍ မြေပုံရေးဆွဲပြုစုခြင်း၊ စာရင်းကောက်ကွက် ဖွဲ့စည်းခြင်းလုပ်ငန်းကို ၁-၁၀-၂၀၂၂ ရက်မှ ၃၀-၉-၂၀၂၄ ရက်ထိ ဆောင်ရွက်ခဲ့ပါသည်။ GIS နည်းစနစ်ဆိုသည်မှာ ပထဝီဆိုင်ရာ သတင်းအချက်အလက်စနစ်ဖြစ်ပြီး အချက်အလက်များကို ဖန်တီးနိုင်ခြင်း၊ စီမံခန့်ခွဲနိုင်ခြင်း၊ ဆန်းစစ်နိုင်ခြင်းနှင့် မြေပုံများဖြင့် ဖော်ထုတ်ပြသနိုင်ခြင်းတို့ ပြုလုပ်နိုင်သည့် နည်းစနစ်ဖြစ်ပါသည်။ ယင်းနည်းပညာသည် လူဦးရေသန်းခေါင်စာရင်း၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ကွင်းဆင်းလုပ်ငန်းဆောင်ရွက်မှု၊ အချက်အလက် ဆန်းစစ်လေ့လာမှုနှင့် အချက်အလက် ထုတ်ပြန်မှုတို့ကို ပံ့ပိုးကူညီပေးပါသည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် GIS နည်းပညာ အသုံးပြု၍ အောက်ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်-

(က) ရပ်ကွက်၊ ကျေးရွာ တည်နေရာ (Point) များ ကောက်ယူခြင်း၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနယ်နိမိတ်များရေးဆွဲခြင်း၊

(ခ) သန်းခေါင်စာရင်းယူနစ် (Census Unit) နှင့် စာရင်းကောက်ကွက်များ ဖွဲ့စည်းခြင်း၊

(ဂ) အဆောက်အဦစာရင်းတင်ခြင်း၊

(ဃ) Geocode များ ထည့်သွင်းခြင်း၊

(င) စာရင်းကောက်ကွက်မြေပုံများ ထုတ်ပေးခြင်း၊

(စ) သန်းခေါင်စာရင်းကောက်ယူမှုအား တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် မြေပုံများဖြင့် ဖော်ထုတ်ပြသနိုင်ခြင်း။

စာရင်းကောက်ကွက်မြေပုံများသည် စာရင်းကောက်ယူရမည့်ဒေသများ၏ ပကတိမြေပြင် အနေအထားကို ပုံဖော်ပေးပြီး စာရင်းကောက်ယူရမည့်ဒေသများ (သို့မဟုတ်) အိမ်ထောင်စု များ ထပ်ခြင်း/ကျန်ခြင်း မဖြစ်စေရန် အထောက်အကူဖြစ်စေသည့်အတွက် သန်းခေါင်စာရင်း လုပ်ငန်းတွင် အလွန်အရေးကြီးပါသည်။ စာရင်းကောက်ကွက်ဆိုသည်မှာ မြို့ပြဒေသတွင် ရပ်ကွက်တစ်ခုအောက်တွင်လည်းကောင်း၊ ကျေးလက်ဒေသတွင် ကျေးရွာအုပ်စုတစ်ခု အောက်တွင်လည်းကောင်း တည်ရှိသော သေးငယ်သည့်မြေပုံယူနစ်တစ်ခုဖြစ်ပါသည်။

စာရင်းကောက်ကွက်များကို ရပ်ကွက်၊ ကျေးရွာတည်နေရာများ၊ သန်းခေါင်စာရင်း ယူနစ်၊ အဆောက်အအုံစာရင်း၊ အခြေခံဒေသစာရင်းနှင့် မြေပြင်ကွင်းဆင်းလူဦးရေစာရင်းတို့ကို အခြေခံ၍ ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ မြို့ပြဒေသတွင် ရပ်ကွက်များရှိ သန်းခေါင်စာရင်းယူနစ် များ၏ အိမ်ထောင်စုအရေအတွက်ပေါ် အခြေခံ၍ ပိုင်းခြားဖွဲ့စည်းထားပြီး ကျေးလက်ဒေသတွင် ကျေးရွာအုပ်စုတွင်းရှိ ကျေးရွာများ၏ အိမ်ထောင်စုအရေအတွက်ပေါ် အခြေခံ၍ တစ်ရွာချင်း အလိုက် (သို့မဟုတ်) ကျေးရွာတစ်ခုထက်ပိုမို၍ ဖွဲ့စည်းထားပါသည်။ စာရင်းကောက်ကွက်များ သည် Google Maps ပေါ်တွင် ရေးဆွဲဖွဲ့စည်းထားခြင်းဖြစ်သဖြင့် မြေပြင်ရှိ အဆောက်အဦ အရေအတွက်၊ သတ်မှတ်အိမ်ထောင်စုအရေအတွက်တို့နှင့် ကွာခြားနိုင်ပါသည်။

မြို့ပြစာရင်းကောက်ကွက်တစ်ကွက်တွင် အိမ်ထောင်စု ၁၂၅ စုမှ ၁၇၅ စုခန့်ထိပါဝင် ဖွဲ့စည်းထားရှိပြီး ဆင်ခြေဖုံးရပ်ကွက်များတွင် အိမ်ထောင်စု ၁၀၀ စုမှ ၁၂၅ စုခန့်ထိလည်းကောင်း၊ ကျေးလက်စာရင်းကောက်ကွက်တစ်ခုတွင် အိမ်ထောင်စု ၁၀၀ စုမှ ၁၅၀ စုခန့်ထိလည်းကောင်း

ပါဝင်နိုင်ပါသည်။ တောင်ပေါ်ဒေသ/ဝေးလံခေါင်ဖျားဒေသများတွင်မူ အိမ်ထောင်စု ၆၀ စုမှ ၇၀ စု ခန့်ထိ ပါဝင်နိုင်ပါသည်။

### ၁.၂.၃ သန်းခေါင်စာရင်း မေးခွန်းပုံစံများ

သန်းခေါင်စာရင်းမေးခွန်းပုံစံများနှင့် လက်စွဲစာစောင်များ ပြုစုခြင်းလုပ်ငန်းကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် စတင်ဆောင်ရွက်ခဲ့ပါသည်။ မေးခွန်းပုံစံပြုစုရာတွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းပါ မေးခွန်းများ၊ အာဆီယံနိုင်ငံများတွင် ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းမေးခွန်းများ၊ အချက်အလက်အသုံးပြုသူများနှင့် ညှိနှိုင်း ဆွေးနွေးပွဲများမှ ရလဒ်များ၊ နိုင်ငံတော်၏ လက်ရှိလိုအပ်နေသည့် အချက်အလက်များ၊ ကုလ သမဂ္ဂ၏ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူမှုဆိုင်ရာမူနှင့် အကြံ ပြုချက်စာစောင် (Principles and Recommendations for Population and Housing Censuses) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြုစုခဲ့ပါသည်။

အိမ်ထောင်စုမေးခွန်းပုံစံသည် သန်းခေါင်စာရင်းညတွင် အိမ်တိုင်း၌ရှိသည့် လူဦးရေကို သိရှိနိုင်ရန်နှင့် ဖြေဆိုသူတစ်ဦးချင်းစီ၏ လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာအချက်အလက်များကို စုစည်းကောက်ယူနိုင်ရန် ပြုစုထားပါသည်။ အိမ်အခြေအနေနှင့် အိမ်ထောင်စုဆိုင်ရာ အချက် အလက်များလည်း ပါဝင်ပါသည်။ ထို့ပြင် ပြည်ပတွင် ရောက်ရှိနေသော အိမ်ထောင်စုဝင်များ၏ အကြောင်းအရာ၊ မွေးဖွားခြင်းနှင့် သေဆုံးခြင်းအကြောင်းအရာ၊ အိမ်ထောင်စုဝင်များနှင့် သက်ဆိုင်သည့်မေးခွန်းများလည်း ပါဝင်ပါသည်။ အိမ်ထောင်စုမေးခွန်းပုံစံတွင် လူဦးရေဆိုင်ရာ အချက်အလက်များ၊ ရွှေ့ပြောင်းသွားလာခြင်း (ပြည်တွင်း/ပြည်ပ)၊ ပညာရေး၊ လုပ်သားအင်အား အကြောင်းအရာ၊ မသန်စွမ်းမှုအကြောင်းအရာ၊ မွေးဖွားခြင်းနှင့် သေဆုံးခြင်း အကြောင်းအရာ၊ အိမ်အကြောင်းအရာစသည်တို့ကို မေးခွန်းပေါင်း (၆၈) ခုဖြင့် မေးမြန်း ကောက်ယူခဲ့ပါသည်။

အဖွဲ့အစည်းမေးခွန်းတွင် မေးခွန်း (၁၈) ခုသာပါဝင်ပြီး ဟိုတယ်၊ တပ်မတော်/ရဲတပ်ဖွဲ့ (လူပျိုဆောင်/အပျိုဆောင်)၊ ဆေးရုံ၊ အဆောင်၊ အကျဉ်းထောင်၊ ဘုန်းကြီးကျောင်း၊ ဘိုးဘွား ရိပ်သာနှင့် သင်တန်းကျောင်းစသည်တို့တွင်နေထိုင်သူများ၊ အိမ်ခြေရာခြေမဲ့များ၊ သန်းခေါင်

စာရင်းရည်ညွှန်းချိန်တွင် သင်္ဘောသားဆိပ်၊ ကားဂိတ်၌ရှိနေသူများ အပါအဝင် အဖွဲ့အစည်းပုံစံဖြင့် နေထိုင်သူများကို ကောက်ယူရန်အသုံးပြုပါသည်။

### ၁.၂.၄ CAPI စနစ်ဖြင့် စာရင်းကောက်ယူခြင်း

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို Computer-Assisted Personal Interviewing (CAPI) စနစ်ထည့်သွင်းထားသည့် Mobile Tablet များအသုံးပြု၍ စာရင်းကောက်ယူခဲ့ပါသည်။ CAPI စနစ်ဆိုသည်မှာ ဖြေဆိုသူမှ ဖြေကြားသော အဖြေများကို မှတ်တမ်းတင်ရန်အတွက် Mobile Tablet (သို့မဟုတ်) Mobile Phone (သို့မဟုတ်) ကွန်ပျူတာကိုအသုံးပြု၍ စာရင်းကောက်ယူသည့် နည်းလမ်းဖြစ်ပါသည်။

ယခင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခဲ့စဉ်က မေးခွန်းပုံစံစာရွက်များအသုံးပြု၍ ကောက်ယူခဲ့ပြီး စာရင်းကောက်ယူပြီးစီးသည့် မေးခွန်းပုံစံ စာရွက်များအား Scanner များအသုံးပြု၍ OMR/ICR ပုံရိပ်ဖတ်ခြင်းနည်းပညာဖြင့် အချက် အလက်သွင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။ ယခု ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူရာတွင် CAPI စနစ်ထည့်သွင်းထားသည့် Mobile Tablet များဖြင့် စာရင်းကောက်ယူ ခဲ့သည့်အတွက် မေးခွန်းပုံစံစာရွက်များအသုံးပြုရန် မလိုအပ်ဘဲ ကောက်ယူရရှိသည့်အချက် အလက်များသည် အင်တာနက်ကွန်ယက်မှတစ်ဆင့် Server သို့ တိုက်ရိုက်ရောက်ရှိပါသည်။ အင်တာနက်ကွန်ယက်မရရှိသည့် နယ်မြေဒေသများတွင် Mobile Tablet များအသုံးပြု၍ Offline ဖြင့် စာရင်းကောက်ယူခြင်းနှင့် မေးခွန်းပုံစံစာရွက်များအသုံးပြု၍ စာရင်းကောက်ယူခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ CAPI စနစ်သည် စာရင်းကောက်ယူနေစဉ် ရှေ့နောက်ဆီလျော်မှု ရှိ/မရှိ စစ်ဆေးမှု များပြုလုပ်နိုင်ခြင်း၊ အချို့မေးခွန်းများအတွက် သက်ဆိုင်သူများကိုသာ မေးမြန်းနိုင်ခြင်း (ဥပမာ - မွေးဖွားခြင်း မေးခွန်းများအား အသက် ၁၀ နှစ်နှင့်အထက် အိမ်ထောင်ကျဖူးသူ အမျိုးသမီးများ ကိုသာမေးမြန်းခြင်း) နှင့် ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးနိုင်ခြင်း (ဥပမာ - အသက်နှင့် မွေးသက္ကရာဇ်) စသည်တို့ကို ဆောင်ရွက်ပေးနိုင်ပါသည်။ စာရင်းကောက်က ပြုလုပ်နိုင်သည့် အမှားများကိုလည်း

လျှော့ချပေးနိုင်ပါသည်။ ထို့ပြင် စာရင်းကောက်ယူရရှိသည့် အချက်အလက်များသည် Database သို့တိုက်ရိုက်ရောက်ရှိသည့်အတွက် အချက်အလက်သွင်းခြင်းလုပ်ငန်းစဉ် မလိုအပ်ဘဲ အချိန်ကုန် သက်သာစေပါသည်။

### ၁.၂.၅ လူထုအသိပညာပေးခြင်းနှင့် ပြည်သူလူထုမှပူးပေါင်းပါဝင်လာစေရန်ဆောင်ရွက်ခြင်း

၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း အောင်မြင်စွာ ကောက်ယူနိုင်ရေးအတွက် သန်းခေါင်စာရင်းလုပ်ငန်းများကို ပြည်သူများ နားလည်သဘောပေါက်လာစေရန် အောက်ဖော်ပြပါ လူထုဆက်သွယ်ရေးနည်းလမ်းမျိုးစုံအသုံးပြု၍ လူထုအသိပညာပေးခြင်းနှင့် စည်းရုံးလှုံ့ဆော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည် -

(က) အစိုးရနှင့် ပုဂ္ဂလိကပိုင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ သန်းခေါင်စာရင်း လူထုအသိပညာပေး TV Spot များ၊ ဇာတ်လမ်းများနှင့် သီချင်းများ ထုတ်လွှင့်ပြသခြင်း၊

(ခ) သန်းခေါင်စာရင်း ကောက်ယူမည်ဖြစ်ကြောင်း ပြည်သူသို့အသိပေးသည့် နိုင်ငံတော်အကြီးအကဲ၏မိန့်ခွန်း ထုတ်လွှင့်ပြသခြင်း၊

(ဂ) သန်းခေါင်စာရင်းမကောက်ယူမီနှင့် ကောက်ယူနေစဉ်ကာလများတွင် ရက်ရေတွက်သည့် စာတမ်းပြေးများထုတ်လွှင့်ပြသခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်းကောက်ခံရန် ကျန်ရှိသည့် ပြည်သူများအတွက် ပြန်လည်ကောက်ယူပေးမည်ဖြစ်ကြောင်း ထပ်မံအသိပေးလှုံ့ဆော်သည့် ကြေညာချက်များ ထုတ်လွှင့်ပြသခြင်း၊

(ဃ) သန်းခေါင်စာရင်း တွေ့ဆုံမေးမြန်းခြင်း အစီအစဉ်များနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများထုတ်လွှင့်ခြင်း၊ နေ့စဉ်ထုတ် သတင်းစာများတွင် သန်းခေါင်စာရင်း ဆောင်းပါးများနှင့် သန်းခေါင်စာရင်းဆိုင်ရာ ကြေညာချက်များဖော်ပြခြင်း။

အထက်ဖော်ပြပါ လူထုအသိပညာပေးခြင်းနှင့် စည်းရုံးလှုံ့ဆော်ခြင်းလုပ်ငန်းများကို အောက်ပါရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခဲ့ပါသည်-

(က) သန်းခေါင်စာရင်း၏ အရေးပါမှုနှင့် အောင်မြင်မှုတွင် ပြည်သူလူထုနှင့် ပါဝင်ပတ်သက်သူများ၏ အခန်းကဏ္ဍနှင့် ၎င်းတို့၏ ပူးပေါင်းပါဝင်မှုသည် သန်းခေါင်စာရင်းအောင်မြင်စွာ ကောက်ယူနိုင်ရေးအတွက် များစွာအထောက်အကူဖြစ်စေကြောင်းကို သိရှိနားလည်စေရန်၊

(ခ) သန်းခေါင်စာရင်းကောက်ခံရန် လူတိုင်းတွင် အခွင့်အရေးရှိသကဲ့သို့ တိကျမှန်ကန်သည့်အချက်အလက်များပေးရန် တာဝန်ရှိကြောင်း ပြည်သူများသိရှိနားလည်သဘောပေါက်စေရန်၊

(ဂ) နိုင်ငံတော်၏ ဖွံ့ဖြိုးမှုဆိုင်ရာကိစ္စရပ်များတွင် မူဝါဒများရေးဆွဲချမှတ် အကောင်အထည်ဖော်ရာ၌ သန်းခေါင်စာရင်းမှရရှိသော ကိန်းဂဏန်းအချက်အလက်များကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း ပြည်သူလူထုသိရှိနားလည်စေရန်၊

(ဃ) သန်းခေါင်စာရင်းလုပ်ငန်းစဉ်များနှင့် သန်းခေါင်စာရင်း၏ အကျိုးကျေးဇူးများကို ပြည်သူများသိရှိစေရန် အသိပညာပေးခြင်း (ရှင်းပြခြင်း၊ စည်းရုံးခြင်း) ဖြင့် ပြည်သူလူထု၏ လွဲမှားနေသည့် ထင်မြင်ယူဆချက်များနှင့် အပြုသဘောမဆောင်သည့် သဘောထားများပြောင်းလဲရန်၊

(င) ကွင်းဆင်းဝန်ထမ်းများနှင့် စာရင်းကောက်များ လုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေးနှင့် လုံခြုံမှုရှိစေရေးအတွက် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုသည် အရေးပါကြောင်းကို သိရှိနားလည်သဘောပေါက်စေရန် အသိပညာပေး စည်းရုံးလှုံ့ဆော်ခြင်းနည်းလမ်းဖြင့် သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရန်၊

(စ) နိုင်ငံ့ခေါင်းဆောင်များနှင့် ပြည်သူလူထုအားလုံးမှ သန်းခေါင်စာရင်းအကြောင်းကို ပိုမိုနားလည်အောင် မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် သန်းခေါင်စာရင်းရလဒ်များကို အဖွဲ့အစည်းအားလုံးမှ လွယ်ကူချောမွေ့စွာ လက်ခံလာစေရန်၊

(ဆ) ကဏ္ဍအသီးသီးတွင် သန်းခေါင်စာရင်းအချက်အလက်များ အသုံးပြုမှုကို မြှင့်တင်ရန်။

### ၁.၂.၆ သန်းခေါင်စာရင်းကောက်ယူခြင်း

သန်းခေါင်စာရင်းကောက်ယူရာတွင် သန်းခေါင်စာရင်းရည်ညွှန်းချိန်ဖြစ်သည့် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ ညသန်းခေါင်ယံအချိန်တွင် မြန်မာနိုင်ငံနယ်နိမိတ်အတွင်း ရှိနေသူအားလုံးကို စာရင်းကောက်ယူခဲ့ပါသည်။ ထိုသို့စာရင်းကောက်ယူရာတွင် ဟိုတယ်၊ တည်းခိုခန်း၊ ဆေးရုံ၊ ရဲစခန်းနှင့် အချုပ်ခန်းစသည့် အဖွဲ့အစည်းများရှိ လူဦးရေကို သန်းခေါင်စာရင်းညတွင် စာရင်းကောက်ယူနိုင်ရန် သန်းခေါင်စာရင်းတာဝန်ခံများမှ ကြိုတင်စီမံမှုများ ပြုလုပ်ခဲ့ကြရပါသည်။ ပြည်ပသံရုံးများတွင် တာဝန်ထမ်းဆောင်နေကြသည့် မြန်မာနိုင်ငံသားများအပါအဝင် ၎င်းတို့နှင့်အတူ လိုက်ပါနေထိုင်သည့် မိသားစုဝင်များကိုလည်း သန်းခေါင်စာရင်း ကောက်ယူခဲ့ပြီး အဆိုပါ မြန်မာဝန်ထမ်းများနှင့် မိသားစုများ၏ စုစုပေါင်းလူဦးရေ (၁,၁၁၈) ဦး ကို နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်တွင် ထည့်သွင်းဖော်ပြထားပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်အများစုတွင် သန်းခေါင်စာရင်းကောက်ယူခြင်းအား သတ်မှတ်ထားသည့် (၁၅) ရက်တာ ကာလအတွင်း ဆောင်ရွက်နိုင်ခဲ့ပြီး လုံခြုံရေးအရ ခက်ခဲသောဒေသများတွင် ရက်တိုးမြှင့် ကောက်ယူခဲ့ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အချို့ရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအချို့တွင် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များ၏ နှောင့်ယှက်မှုများကြောင့် သန်းခေါင်စာရင်းကောက်ယူရန် အခက်အခဲများကြုံတွေ့ခဲ့ရပါသည်။ အဆိုပါဒေသများ၏ ခန့်မှန်းလူဦးရေတွက်ချက်မှုအား ဤအစီရင်ခံစာ၏ စာရင်းမကောက်ယူနိုင်ခဲ့သည့်ဒေသများအတွက် လူဦးရေခန့်မှန်းခြင်းအပိုင်းတွင် ထည့်သွင်းဖော်ပြထားပါသည်။

### ၁.၂.၇ ရွှေ့ပြောင်းလူဦးရေစာရင်း

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူချိန်တွင် တိုင်းဒေသကြီး/ပြည်နယ်များ၌ CAPI စနစ်ထည့်သွင်းထားသော Mobile Tablet များဖြင့် စာရင်းကောက်ကွက်အလိုက် ကောက်ယူရရှိသော သန်းခေါင်စာရင်းအချက်အလက်များကို Server သို့ တိုက်ရိုက်ပေးပို့ခဲ့ပါသည်။ ရရှိလာသော အချက်အလက်များကို မြို့နယ်အလိုက်၊ ကျား/မ အလိုက် လူဦးရေကို တွက်ချက်ခဲ့ပါသည်။ နေပြည်တော်ရှိ ပြည်သူ့အင်အားဦးစီးဌာန၏ Server သို့ ရောက်ရှိလာသော အချက်အလက်

များကိုအသုံးပြု၍ စာရင်းဇယားများပြုစုပြီး ဆန်းစစ်လေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။ ရွှေ့ပြောင်းလုပ်သား လူဦးရေစာရင်းတွင် ပြည်ပရှိ မြန်မာနိုင်ငံသံရုံးများ၌ တာဝန်ထမ်းဆောင်နေသည့်သူများမှလွဲ၍ မြန်မာနိုင်ငံပြင်ပတွင် ရောက်ရှိနေထိုင်သူများ၏ အချက်အလက်များ ပါဝင်မည် မဟုတ်ပါ။

## ၁.၃ စာရင်းကောက်ယူနိုင်မှုအခြေအနေ

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရာတွင် ဒေသအချို့၌ လုံခြုံရေးအခြေအနေအရ ရာနှုန်းပြည့် စာရင်းကောက်ယူနိုင်ခဲ့ခြင်းမရှိပါ။ မြို့နယ်ပေါင်း (၃၃၀) ရှိသည့်အနက် (၁၄၅) မြို့နယ်ကို ရာနှုန်းပြည့်စာရင်းကောက်ယူနိုင်ခဲ့ပါသည်။ တစ်စိတ်တစ်ဒေသသာ စာရင်းကောက်ယူနိုင်ခဲ့သော မြို့နယ်ပေါင်း (၁၂၇) မြို့နယ်ရှိပြီး လုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်ရေးအခြေအနေများကြောင့် အချို့မြို့နယ်များတွင် ဒီဇင်ဘာလ ဒုတိယအပတ်အထိ ရက်တိုးမြှင့်ကောက်ယူခြင်းနှင့် နောက်ကျသန်းခေါင်စာရင်း ကောက်ယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ မြို့နယ်လုံးကျွတ် သန်းခေါင်စာရင်းမကောက်ယူနိုင်သည့် မြို့နယ်ပေါင်း (၅၈) မြို့နယ်ရှိပါသည်။ သန်းခေါင်စာရင်းမကောက်ယူနိုင်သည့်ဒေသများအတွက် လူဦးရေခန့်မှန်းခြင်းလုပ်ငန်းကို Earth Remote Sensing (ERS) နည်းပညာနှင့် GIS နည်းပညာတို့ကို ပေါင်းစပ်အသုံးပြု၍ ဆောင်ရွက်ထားပါသည်။

# အခန်း (၂)

# ရွှေ့ပြောင်းလူဦးရေစာရင်း

## ၂.၁ လူဦးရေအရွယ်အစား

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှရရှိသော ရွှေ့ပြောင်းလူဦးရေစာရင်းအရ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ညတွင် မြန်မာနိုင်ငံအတွင်း၌ ရှိနေသူဦးရေမှာ (၅၁,၃၁၆,၇၅၆) ဦးဖြစ်ပါသည်။ အဆိုပါစာရင်းတွင် သန်းခေါင်စာရင်းကောက်ယူရရှိသည့် လူဦးရေ (၃၂,၁၉၁,၄၀၇) ဦးနှင့် စာရင်းမကောက်ယူနိုင်သည့်ဒေသများအတွက် ခန့်မှန်းလူဦးရေ (၁၉,၁၂၅,၃၄၉) ဦး ပါဝင်ပါသည်။ ကောက်ယူရရှိသည့် စာရင်းအရ ကျား ဦးရေမှာ (၁၅,၁၀၅,၂၁၅) ဦးနှင့် မ ဦးရေမှာ (၁၇,၀၈၆,၁၉၂) ဦးဖြစ်၍ အမျိုးသမီးဦးရေ ပိုများသည်ကို တွေ့ရှိရပါသည်။ အမျိုးသား (၄၆.၉) ရာခိုင်နှုန်းဖြစ်၍ အမျိုးသမီး (၅၃.၁) ရာခိုင်နှုန်း ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျား/မ အလိုက် လူဦးရေပျံ့နှံ့နေထိုင်မှု (စာရင်းမကောက်ယူနိုင်သည့်ဒေသများ၏ ခန့်မှန်းလူဦးရေအပါအဝင်)ကို ဇယား (၁) တွင် ဖော်ပြထားပါသည်။

## ဇယား (၁) တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျား/မအလိုက် လူဦးရေပျံ့နှံ့နေထိုင်မှု

| တိုင်းဒေသကြီး/ ပြည်နယ် | စာရင်းကောက်ယူရရှိသောလူဦးရေ | | | ကျား/မ အချိုး | မကောက်ယူနိုင်သောဒေသများအတွက် ခန့်မှန်းလူဦးရေ | စုစုပေါင်း လူဦးရေ | လူဦးရေ အချိုး (%) |
|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | | | | |
| **ပြည်ထောင်စု** | **၃၂,၁၉၁,၄၀၇** | **၁၅,၁၀၅,၂၁၅** | **၁၇,၀၈၆,၁၉၂** | **၈၈** | **၁၉,၁၂၅,၃၄၉** | **၅၁,၃၁၆,၇၅၆** | **၁၀၀** |
| ကချင် | ၇၇၅,၂၇၃ | ၃၆၈,၇၅၇ | ၄၀၆,၅၁၆ | ၉၁ | ၁,၄၂၂,၀၁၀ | ၂,၁၉၇,၂၈၃ | ၄.၃ |
| ကယား | ၃၈,၂၄၀ | ၂၀,၈၂၂ | ၁၇,၄၁၈ | ၁၂၀ | ၂၅၈,၆၆၃ | ၂၉၆,၉၀၃ | ၀.၆ |
| ကရင် | ၇၇၂,၆၀၉ | ၃၆၈,၉၂၆ | ၄၀၃,၆၈၃ | ၉၁ | ၇၁၈,၃၅၉ | ၁,၄၉၀,၉၆၈ | ၂.၉ |
| ချင်း | ၂၉,၂၃၄ | ၁၄,၄၈၃ | ၁၄,၇၅၁ | ၉၈ | ၃၄၃,၇၉၀ | ၃၇၃,၀၂၄ | ၀.၇ |
| စစ်ကိုင်း | ၈၀၂,၃၄၄ | ၃၇၃,၆၇၂ | ၄၂၈,၆၇၂ | ၈၇ | ၅,၂၁၃,၂၄၆ | ၆,၀၁၅,၅၉၀ | ၁၁.၇ |
| တနင်္သာရီ | ၇၇၃,၂၄၉ | ၃၇၁,၈၉၈ | ၄၀၁,၃၅၁ | ၉၃ | ၆၀၇,၃၁၈ | ၁,၃၈၀,၅၆၇ | ၂.၇ |
| ပဲခူး | ၃,၈၈၁,၁၆၄ | ၁,၈၀၈,၆၀၂ | ၂,၀၇၂,၅၆၂ | ၈၇ | ၅၇၂,၅၂၇ | ၄,၄၅၃,၆၉၁ | ၈.၇ |
| မကွေး | ၂,၀၃၂,၀၄၂ | ၉၂၄,၃၁၄ | ၁,၁၀၇,၇၂၈ | ၈၃ | ၂,၀၄၆,၄၆၂ | ၄,၀၇၈,၅၀၄ | ၇.၉ |
| မန္တလေး | ၄,၄၆၅,၅၉၈ | ၂,၀၇၈,၆၃၅ | ၂,၃၈၆,၉၆၃ | ၈၇ | ၁,၈၁၈,၀၆၅ | ၆,၂၈၃,၆၆၃ | ၁၂.၂ |
| မွန် | ၁,၂၈၆,၀၇၃ | ၅၉၀,၈၆၂ | ၆၉၅,၂၁၁ | ၈၅ | ၄၃၁,၀၉၃ | ၁,၇၁၇,၁၆၆ | ၃.၃ |
| ရခိုင် | ၃၄၅,၄၃၁ | ၁၆၈,၆၀၃ | ၁၇၆,၈၂၈ | ၉၅ | ၂,၁၂၀,၉၅၄ | ၂,၄၆၆,၃၈၅ | ၄.၈ |
| ရန်ကုန် | ၇,၃၇၀,၀၁၀ | ၃,၃၉၆,၇၅၅ | ၃,၉၇၃,၂၅၅ | ၈၅ | - | ၇,၃၇၀,၀၁၀ | ၁၄.၄ |
| ရှမ်း | ၂,၉၄၄,၅၁၅ | ၁,၄၄၂,၉၁၉ | ၁,၅၀၁,၅၉၆ | ၉၆ | ၃,၅၇၂,၈၆၂ | ၆,၅၁၇,၃၇၇ | ၁၂.၇ |
| ဧရာဝတီ | ၅,၅၄၆,၂၈၁ | ၂,၆၄၉,၂၇၀ | ၂,၈၉၇,၀၁၁ | ၉၁ | - | ၅,၅၄၆,၂၈၁ | ၁၀.၈ |
| နေပြည်တော် | ၁,၁၂၉,၃၄၄ | ၅၂၆,၆၉၇ | ၆၀၂,၆၄၇ | ၈၇ | - | ၁,၁၂၉,၃၄၄ | ၂.၂ |

တိုင်းဒေသကြီး/ပြည်နယ်အလိုက် လူဦးရေအချိုးကို ပုံ (၁) တွင် ဖော်ပြထားပါသည်။ လူဦးရေအချိုးအများဆုံးဒေသများမှာ ရန်ကုန်တိုင်းဒေသကြီး (၁၄.၄%)၊ ရှမ်းပြည်နယ် (၁၂.၇%) နှင့် မန္တလေးတိုင်းဒေသကြီး (၁၂.၂%) တို့ဖြစ်ပါသည်။ အဆိုပါတိုင်းဒေသကြီး/ပြည်နယ် (၃) ခု၏ လူဦးရေသည် စုစုပေါင်းလူဦးရေ၏ (၃၉.၃) ရာခိုင်နှုန်းခန့် ရှိပါသည်။ လူဦးရေအနည်းဆုံး ဒေသများမှာ ကယားပြည်နယ် (၀.၆%)၊ ချင်းပြည်နယ် (၀.၇%) နှင့် နေပြည်တော် (၂.၂%) တို့ ဖြစ်ပြီး စုစုပေါင်းလူဦးရေ၏ (၃.၅) ရာခိုင်နှုန်းခန့်သာရှိသည်ကို တွေ့ရှိရပါသည်။

### ပုံ (၁) တိုင်းဒေသကြီး/ပြည်နယ်အလိုက် လူဦးရေအချိုး




## ၂.၂ မြို့ပြ/ကျေးလက်လူဦးရေ

မြန်မာနိုင်ငံတွင် (စာရင်းမကောက်ယူနိုင်သည့်ဒေသများ၏ ခန့်မှန်းလူဦးရေအပါအဝင်) လူဦးရေ၏ (၃၁) ရာခိုင်နှုန်းသည် မြို့ပြတွင်နေထိုင်ပြီး (၆၉) ရာခိုင်နှုန်းသည် ကျေးလက်တွင် နေထိုင်ကြပါသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် မြို့ပြ၌နေထိုင်သူ (၆၈) ရာခိုင်နှုန်းရှိပြီး ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် နေပြည်တော်တို့တွင် (၃၅) ရာခိုင်နှုန်း အသီးသီးရှိကြပါသည်။ ဧရာဝတီတိုင်းဒေသကြီးသည် ကျေးလက်လူဦးရေ (၈၄) ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် (၈၃) ရာခိုင်နှုန်းအသီးသီးရှိကြောင်း တွေ့ရှိရပါသည်။ တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ပြ/ကျေးလက်အလိုက် လူဦးရေကို ဇယား (၂) တွင် ဖော်ပြထားပါသည်။

## ဇယား (၂) တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ပြ/ကျေးလက်အလိုက် လူဦးရေ

| တိုင်းဒေသကြီး/ ပြည်နယ် | စာရင်းကောက်ယူရရှိသောလူဦးရေ | | | မကောက်ယူနိုင်သောဒေသများအတွက် ခန့်မှန်းလူဦးရေ | | | စုစုပေါင်းလူဦးရေ | | | မြို့ပြ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | မြို့ပြ | ကျေးလက် | ပေါင်း | မြို့ပြ | ကျေးလက် | ပေါင်း | မြို့ပြ | ကျေးလက် | |
| **ပြည်ထောင်စု** | **၃၂,၁၉၁,၄၀၇** | **၁၃,၁၄၉,၆၆၀** | **၁၉,၀၄၁,၇၄၇** | **၁၉,၁၂၅,၃၄၉** | **၂,၄၇၈,၄၃၅** | **၁၆,၆၄၆,၉၁၄** | **၅၁,၃၁၆,၇၅၆** | **၁၅,၆၂၈,၀၉၅** | **၃၅,၆၈၈,၆၆၁** | **၃၁** |
| ကချင် | ၇၇၅,၂၇၃ | ၄၉၅,၂၅၅ | ၂၈၀,၀၁၈ | ၁,၄၂၂,၀၁၀ | ၂၈၁,၈၈၉ | ၁,၁၄၀,၁၂၁ | ၂,၁၉၇,၂၈၃ | ၇၇၇,၁၄၄ | ၁,၄၂၀,၁၃၉ | ၃၅ |
| ကယား | ၃၈,၂၄၀ | ၂၄,၈၇၄ | ၁၃,၃၆၆ | ၂၅၈,၆၆၃ | ၆၁,၃၃၆ | ၁၉၇,၃၂၇ | ၂၉၆,၉၀၃ | ၈၆,၂၁၀ | ၂၁၀,၆၉၃ | ၂၉ |
| ကရင် | ၇၇၂,၆၀၉ | ၂၁၁,၆၀၅ | ၅၆၁,၀၀၄ | ၇၁၈,၃၅၉ | ၁၀၉,၃၀၈ | ၆၀၉,၀၅၁ | ၁,၄၉၀,၉၆၈ | ၃၂၀,၉၁၃ | ၁,၁၇၀,၀၅၅ | ၂၂ |
| ချင်း | ၂၉,၂၃၄ | ၂၉,၂၃၄ | - | ၃၄၃,၇၉၀ | ၄၆,၄၃၁ | ၂၉၇,၃၅၉ | ၃၇၃,၀၂၄ | ၇၅,၆၆၅ | ၂၉၇,၃၅၉ | ၂၀ |
| စစ်ကိုင်း | ၈၀၂,၃၄၄ | ၅၂၅,၁၂၀ | ၂၇၇,၂၂၄ | ၅,၂၁၃,၂၄၆ | ၅၁၈,၈၅၄ | ၄,၆၉၄,၃၉၂ | ၆,၀၁၅,၅၉၀ | ၁,၀၄၃,၉၇၄ | ၄,၉၇၁,၆၁၆ | ၁၇ |
| တနင်္သာရီ | ၇၇၃,၂၄၉ | ၂၉၅,၀၄၅ | ၄၇၈,၂၀၄ | ၆၀၇,၃၁၈ | ၇၇,၀၃၈ | ၅၃၀,၂၈၀ | ၁,၃၈၀,၅၆၇ | ၃၇၂,၀၈၃ | ၁,၀၀၈,၄၈၄ | ၂၇ |
| ပဲခူး | ၃,၈၈၁,၁၆၄ | ၁,၀၉၉,၉၂၉ | ၂,၇၈၁,၂၃၅ | ၅၇၂,၅၂၇ | ၂၈,၈၀၆ | ၅၄၃,၇၂၁ | ၄,၄၅၃,၆၉၁ | ၁,၁၂၈,၇၃၅ | ၃,၃၂၄,၉၅၆ | ၂၅ |
| မကွေး | ၂,၀၃၂,၀၄၂ | ၅၃၆,၄၂၁ | ၁,၄၉၅,၆၂၁ | ၂,၀၄၆,၄၆၂ | ၁၄၂,၇၂၃ | ၁,၉၀၃,၇၃၉ | ၄,၀၇၈,၅၀၄ | ၆၇၉,၁၄၄ | ၃,၃၉၉,၃၆၀ | ၁၇ |
| မန္တလေး | ၄,၄၆၅,၅၉၈ | ၁,၈၇၂,၄၀၃ | ၂,၅၉၃,၁၉၅ | ၁,၈၁၈,၀၆၅ | ၂၄၉,၉၁၈ | ၁,၅၆၈,၁၄၇ | ၆,၂၈၃,၆၆၃ | ၂,၁၂၂,၃၂၁ | ၄,၁၆၁,၃၄၂ | ၃၄ |
| မွန် | ၁,၂၈၆,၀၇၃ | ၅၆၇,၇၇၇ | ၇၁၈,၂၉၆ | ၄၃၁,၀၉၃ | ၃၁,၄၈၇ | ၃၉၉,၆၀၆ | ၁,၇၁၇,၁၆၆ | ၅၉၉,၂၆၄ | ၁,၁၁၇,၉၀၂ | ၃၅ |
| ရခိုင် | ၃၄၅,၄၃၁ | ၁၂၃,၈၇၅ | ၂၂၁,၅၅၆ | ၂,၁၂၀,၉၅၄ | ၃၄၃,၉၂၄ | ၁,၇၇၇,၀၃၀ | ၂,၄၆၆,၃၈၅ | ၄၆၇,၇၉၉ | ၁,၉၉၈,၅၈၆ | ၁၉ |
| ရန်ကုန် | ၇,၃၇၀,၀၁၀ | ၅,၀၀၇,၉၁၆ | ၂,၃၆၂,၀၉၄ | - | - | - | ၇,၃၇၀,၀၁၀ | ၅,၀၀၇,၉၁၆ | ၂,၃၆၂,၀၉၄ | ၆၈ |
| ရှမ်း | ၂,၉၄၄,၅၁၅ | ၁,၀၇၃,၆၂၂ | ၁,၈၇၀,၈၉၃ | ၃,၅၇၂,၈၆၂ | ၅၈၆,၇၂၁ | ၂,၉၈၆,၁၄၁ | ၆,၅၁၇,၃၇၇ | ၁,၆၆၀,၃၄၃ | ၄,၈၅၇,၀၃၄ | ၂၆ |
| ဧရာဝတီ | ၅,၅၄၆,၂၈၁ | ၈၈၆,၉၈၅ | ၄,၆၅၉,၂၉၆ | - | - | - | ၅,၅၄၆,၂၈၁ | ၈၈၆,၉၈၅ | ၄,၆၅၉,၂၉၆ | ၁၆ |
| နေပြည်တော် | ၁,၁၂၉,၃၄၄ | ၃၉၉,၅၉၉ | ၇၂၉,၇၄၅ | - | - | - | ၁,၁၂၉,၃၄၄ | ၃၉၉,၅၉၉ | ၇၂၉,၇၄၅ | ၃၅ |

## ၂.၃ ကျား/မ လူဦးရေ

၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ ကောက်ယူရရှိသော လူဦးရေတွင် ကျား ဦးရေသည် (၁၅,၁၀၅,၂၁၅) ဦးနှင့် မ ဦးရေသည် (၁၇,၀၈၆,၁၉၂) ဦးရှိပြီး မ ဦးရေသည် ကျား ဦးရေထက် (၁.၉၈) သန်းပိုများသည်ကို တွေ့ရှိရပါသည်။ လူဦးရေ ကျား/မ အချိုး (မ ၁၀၀ တွင်ရှိသော ကျား ဦးရေ) သည် (၈၈) ရှိကြောင်း ပုံ (၂) တွင် ဖော်ပြထားပါသည်။ ကယားပြည်နယ်မှအပ ကျန် တိုင်းဒေသကြီး/ပြည်နယ်များတွင် မ ဦးရေသည် ကျား ဦးရေထက် ပိုများသည်ကို တွေ့ရှိရပါသည်။

### ပုံ (၂) တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျား/မ အချိုး



## ၂.၄ လူဦးရေပြောင်းလဲလာမှု

မြန်မာနိုင်ငံ၏ လူဦးရေသည် ၁၈၉၁ ခုနှစ် သန်းခေါင်စာရင်းအရ (၇.၇) သန်းသာရှိခဲ့ပြီး တဖြည်းဖြည်းတိုးပွားလာသည်ကို တွေ့ရှိရပါသည်။ ၁၉၀၁ ခုနှစ်တွင် (၁၀.၅) သန်း၊ ၁၉၂၁ ခုနှစ်တွင် (၁၃.၂) သန်း၊ ၁၉၇၃ ခုနှစ်တွင် (၂၈.၉) သန်း၊ ၁၉၈၃ ခုနှစ်တွင် (၃၅.၃) သန်းအထိ တိုးမြင့်လာပြီး ၂၀၁၄ ခုနှစ်တွင် (၅၁.၅) သန်းဖြစ်လာပါသည်။ ၂၀၂၄ ခုနှစ်တွင်မူ စာရင်းမကောက်ယူနိုင်သည့် ဒေသများအတွက် ခန့်မှန်းထားသည့် လူဦးရေအပါအဝင် မြန်မာနိုင်ငံ၏ လူဦးရေမှာ (၅၁.၃) သန်း ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ လူဦးရေပြောင်းလဲလာပုံကို ပုံ (၃) တွင် ဖော်ပြထားပါသည်။ လူဦးရေအရွယ်အစားပြောင်းလဲလာခြင်းသည် စီးပွားရေးကဏ္ဍအပါအဝင် ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ဖန်တီးပေးရေးနှင့် အိမ်ရာကဏ္ဍများအတွက်မူဝါဒများချမှတ်ရာတွင် အလွန်အရေးပါ ပါသည်။

**ပုံ (၃) မြန်မာနိုင်ငံ၏ လူဦးရေပြောင်းလဲလာမှု (၁၈၇၂-၂၀၂၄)***




*၁၉၅၁၊ ၁၉၆၁၊ ၁၉၉၃ နှင့် ၂၀၀၃ ခုနှစ်များတွင် သန်းခေါင်စာရင်းကောက်ယူခဲ့ခြင်း မရှိပါ။

မှတ်ချက် - ၁၈၇၂ ခုနှစ်နှင့် ၁၈၈၁ ခုနှစ် လူဦးရေသည် ရခိုင်၊ တနင်္သာရီနှင့် မြန်မာနိုင်ငံအောက်ပိုင်းအတွက်သာ ဖြစ်ပါသည်။

## ၂.၅ လူဦးရေသိပ်သည်းမှု

၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအချက်အလက်များအရ မြန်မာနိုင်ငံ၏ လူဦးရေသိပ်သည်းမှုမှာ တစ်စတုရန်းကီလိုမီတာတွင် (၇၆) ဦး ဖြစ်ပါသည်။ လူဦးရေအထူထပ်ဆုံးဒေသများမှာ ရန်ကုန်တိုင်းဒေသကြီး (၇၁၇) ဦး၊ မန္တလေးတိုင်းဒေသကြီး (၂၀၃) ဦးနှင့် နေပြည်တော် (၁၆၀) ဦး တို့ဖြစ်ပါသည်။ လူဦးရေအကျဲပါးဆုံးဒေသများမှာ ချင်းပြည်နယ် (၁၀) ဦး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် (၂၅) ဦးစီနှင့် တနင်္သာရီတိုင်းဒေသကြီးတွင် (၃၂) ဦး အသီးသီးရှိပါသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးအချက်အချာမြို့တော်ဖြစ်သော ရန်ကုန်မြို့သည် လူဦးရေသိပ်သည်းမှုအများဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် လူဦးရေသိပ်သည်းမှုကို ပုံ (၄) တွင် ဖော်ပြထားပါသည်။

## ပုံ (၄) တိုင်းဒေသကြီး/ပြည်နယ်အလိုက် လူဦးရေသိပ်သည်းမှု



## ၂.၆ အိမ်ထောင်စုအရေအတွက်နှင့် အရွယ်အစား

၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းတွင် ကောက်ယူရရှိခဲ့သည့် အိမ်ထောင်စုအရေအတွက် စုစုပေါင်းမှာ (၇,၇၇၂,၀၇၆) စု ဖြစ်ပါသည်။ သမားရိုးကျအိမ်ထောင်စုပုံစံဖြင့် နေထိုင်သည့် လူဦးရေမှာ (၂၉,၂၀၈,၄၉၁) ဦးဖြစ်ပြီး စုစုပေါင်းလူဦးရေ၏ (၉၀.၇) ရာခိုင်နှုန်းရှိပါသည်။ ကျန် (၂,၉၈၂,၉၁၆) ဦးမှာ အဖွဲ့အစည်းပုံစံဖြင့် နေထိုင်သူများဖြစ်ပါသည်။ လူဦးရေအရွယ်အစား ကဲ့သို့ပင် ရန်ကုန်တိုင်းဒေသကြီးတွင် အိမ်ထောင်စုအရေအတွက် အများဆုံးဖြစ်၍ ကယား ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် အိမ်ထောင်စုအရေအတွက် အနည်းဆုံးဖြစ်ကြောင်း တွေ့ရှိရ ပါသည်။ မြို့နယ်အလိုက် အိမ်ထောင်စုလူဦးရေနှင့် အဖွဲ့အစည်းလူဦးရေကို ဇယား (၃) တွင် ဖော်ပြထားပါသည်။

၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းတွင် ကောက်ယူရရှိခဲ့သည့်စာရင်းအရ မြန်မာနိုင်ငံ၏ ပျမ်းမျှ အိမ်ထောင်စုအရွယ်အစားမှာ (၃.၈) ဖြစ်ပါသည်။ ပျမ်းမျှအိမ်ထောင်စုအရွယ်အစားဆိုသည်မှာ ဧရိယာတစ်ခုအတွင်းရှိ အိမ်ထောင်စုလူဦးရေစုစုပေါင်းနှင့် အိမ်ထောင်စုအရေအတွက်တို့၏အချိုး ဖြစ်ပါသည်။ ပုံ (၅) တွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပျမ်းမျှအိမ်ထောင်စု အရွယ်အစားကို ဖော်ပြထားပါသည်။ ကချင်ပြည်နယ်သည် ပျမ်းမျှအိမ်ထောင်စုအရွယ်အစား (၄.၅) ဦးဖြင့် အကြီးဆုံးဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့သည် (၄.၁) ဦးစီ ရှိပါသည်။ ချင်းပြည်နယ်သည် ပျမ်းမျှအိမ်ထောင်စုအရွယ်အစား (၃.၃) ဦးဖြင့် အသေးဆုံးဖြစ်ပြီး ကယားပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့သည် (၃.၅) ဦးစီဖြင့် ဒုတိယအသေးဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။ ပျမ်းမျှအိမ်ထောင်စုအရွယ်အစားသည် မြို့ပြနှင့်ကျေးလက် အကြားတွင် သိသာစွာကွာဟမှုမရှိကြောင်းတွေ့ရှိရပါသည်။ မြို့ပြလူဦးရေအချိုး များပြားသော ရန်ကုန်တိုင်း ဒေသကြီးတွင် အိမ်ထောင်စုအရွယ်အစား (၃.၇) ဖြစ်ပြီး ပြည်ထောင်စုအဆင့် ပျမ်းမျှ အိမ်ထောင်စုအရွယ်အစားအောက် အနည်းငယ်သာလျော့နည်းသည်ကို တွေ့ရှိရပါသည်။

## ပုံ (၅) တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပျမ်းမျှအိမ်ထောင်စုအရွယ်အစား




## ၂.၇ စာရင်းမကောက်ယူနိုင်ခဲ့သည့် လူဦးရေကို ခန့်မှန်းခြင်း

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းတွင် နယ်မြေဒေသ လုံခြုံရေးအခြေအနေအရ တစ်နိုင်ငံလုံးကို လွှမ်းခြုံနိုင်ခြင်းမရှိသော်လည်း နိုင်ငံ့လူဦးရေကို အနီးစပ်ဆုံး ထင်ဟပ်ပေါ်လွင်စေရန် သန်းခေါင်စာရင်းမကောက်ယူနိုင်သည့် ဒေသများအတွက် လူဦးရေခန့်မှန်းခြင်းလုပ်ငန်းကို စနစ်တကျ ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတကာ၌ အသုံးပြုလျက်ရှိသော ဂြိုလ်တုဓာတ်ပုံများအသုံးပြု၍ Earth Remote Sensing (ERS) နည်းပညာဖြင့် လူဦးရေခန့်မှန်းခြင်း ဆောင်ရွက်ခဲ့ပါသည်။

လူဦးရေခန့်မှန်းနိုင်ရေးအတွက် ရုရှား၊ တရုတ်၊ အိန္ဒိယနှင့် အခြားဥရောပရှိ Commercial Company များမှ ကြည်လင်ပြတ်သားသော High-Resolution ၀.၃၊ ၀.၅ နှင့် ၀.၈ မီတာ အရည်သွေးရှိသည့် Up to Date ဂြိုဟ်တုဓာတ်ပုံများကို ဝယ်ယူ၍ Microsoft ၏ Global Machine Learning Building Footprints Dataset နှင့် Mapflow AI ၏ AI-powered tools များကို အသုံးပြု၍ Building Footprints Extraction ကို ဆောင်ရွက်ခဲ့ပါသည်။ စာရင်း မကောက်ယူနိုင်သော ဒေသများအတွက် လူဦးရေခန့်မှန်းခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) **Building Footprints Extraction:** အဆိုပါလုပ်ငန်းကို ဆောင်ရွက်ပြီးနောက် တိကျမှန်ကန်သော Building Footprints များကို ရရှိခဲ့ပါသည်။

(ခ) **Classification of Building Type:** ရရှိလာသော Building Footprints များ၏ အဆောက်အဦ အမျိုးအစားများကို Cross-Checking နှင့် Merging ပြုလုပ်၍ ရုံးများ၊ စာသင်ကျောင်းများစသည့် အခြေခံအဆောက်အဦများနှင့် ဘာသာရေး၊ စီးပွားရေးဆိုင်ရာအဆောက်အဦများကို မျက်မြင်စစ်ဆေးဖယ်ထုတ်ခြင်း၊ ကျန်ရှိသောနေရာများတွင်ပေါင်းထည့်ခြင်း၊ အပြန်အလှန်စစ်ဆေးခြင်း၊ နယ်မြေဒေသ အလိုက် အဆောက်အဦစာရင်း ပြုစုခြင်းတို့ကို GIS နည်းပညာဖြင့် အဆင့်ဆင့် ဆောင်ရွက်ခဲ့ပါသည်။

(ဂ) **Calculation of Uninhabited Domestic Building and Average Household Size**: သန်းခေါင်စာရင်း ကောက်ယူရရှိသောဒေသများ၏ လူမနေအဆောက်အဦ ရာခိုင်နှုန်းနှင့် အိမ်ထောင်စုအရွယ်အစားတို့ကို သီးခြားတွက်ချက်၍ လူမနေ အဆောက်အဦများကိုလျှော့ချပြီး လူနေထိုင်နိုင်သော အဆောက်အဦ အရေ အတွက်ကို ခန့်မှန်းခဲ့ပါသည်။

(ဃ) **Population Estimation with Satellite-Based Building Footprints Data and Administrative Records:** လူနေထိုင်နိုင်သော အဆောက်အဦ အရေအတွက်

နှင့် ပျမ်းမျှအိမ်ထောင်စုအရွယ်အစားကိုအခြေခံ၍ လူဦးရေခန့်မှန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် အုပ်ချုပ်မှုဆိုင်ရာမှတ်တမ်းများမှ လူဦးရေစာရင်းများ၊ ဒေသအလိုက် လူဦးရေပြောင်းလဲမှုဖြစ်စဉ်များဖြင့် ချိန်ညှိ သုံးသပ်၍ မြို့ပြ/ကျေးလက်အလိုက် နီးစပ်မှန်ကန်သော ခန့်မှန်းလူဦးရေများကို တွက်ချက်ခဲ့ပါသည်။

## ၂.၈ နိဂုံး

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခဲ့သည့် အချိန်ကာလအတွင်း လုံခြုံရေးဆိုင်ရာ အခက်အခဲများနှင့် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသော်လည်း သန်းခေါင်စာရင်းအချက်အလက်များကို ကနဦးဆန်းစစ်လေ့လာချက်များအရ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ လွှမ်းခြုံနိုင်မှုသည် ကျေနပ်ဖွယ်ရာဖြစ်ပြီး နိုင်ငံတကာစံချိန်စံညွှန်း၊ လမ်းညွှန်ချက်နှင့် အကြံပြုချက်များကိုလိုက်နာ၍ ဥပဒေများနှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။ ဤအစီရင်ခံစာ၌ ပါဝင်သောအချက်အလက်များကို အသုံးပြုရာတွင် မှန်ကန်စွာ အသုံးပြုစေလိုပါသည်။ အချက်အလက်အသုံးပြုသူများအတွက် လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာအချက်အလက်များကို ပင်မအစီရင်ခံစာတွင် ဆက်လက်ထုတ်ပြန်မည် ဖြစ်ပါသည်။

## ဇယား (၃) မြို့နယ်အလိုက် အိမ်ထောင်စုလူဦးရေနှင့် အဖွဲ့အစည်းလူဦးရေ

| တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ် | စာရင်းကောက်ယူရရှိသောလူဦးရေ | | | | | | | | | | မကောက်ယူနိုင်သော ဒေသများအတွက် ခန့်မှန်းလူဦးရေ | စုစုပေါင်း လူဦးရေ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | စုစုပေါင်းလူဦးရေ | | | | အိမ်ထောင်စုလူဦးရေ | | | အဖွဲ့အစည်းလူဦးရေ | | | | |
| | အိမ်ထောင်စု | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | | |
| **ပြည်ထောင်စု** | **၇,၇၇၂,၀၇၆** | **၃၂,၁၉၁,၄၀၇** | **၁၅,၁၀၅,၂၁၅** | **၁၇,၀၈၆,၁၉၂** | **၂၉,၂၀၈,၄၉၁** | **၁၃,၃၈၆,၆၂၉** | **၁၅,၈၂၁,၈၆၂** | **၂,၉၈၂,၉၁၆** | **၁,၇၁၈,၅၈၆** | **၁,၂၆၄,၃၃၀** | **၁၉,၁၂၅,၃၄၉** | **၅၁,၃၁၆,၇၅၆** |
| **ကချင်ပြည်နယ်** | **၁၅၀,၇၉၇** | **၇၇၅,၂၇၃** | **၃၆၈,၇၅၇** | **၄၀၆,၅၁၆** | **၆၇၇,၃၈၅** | **၃၁၅,၈၄၃** | **၃၆၁,၅၄၂** | **၉၇,၈၈၈** | **၅၂,၉၁၄** | **၄၄,၉၇၄** | **၁,၄၂၂,၀၁၀** | **၂,၁၉၇,၂၈၃** |
| **ချီဖွေခရိုင်** | **၂၄၃** | **၁,၂၀၇** | **၄၀၉** | **၇၉၈** | **၈၆၄** | **၃၂၅** | **၅၃၉** | **၃၄၃** | **၈၄** | **၂၅၉** | **၄၂,၆၃၄** | **၄၃,၈၄၁** |
| ချီဖွေမြို့နယ် | ၂၄၃ | ၁,၂၀၇ | ၄၀၉ | ၇၉၈ | ၈၆၄ | ၃၂၅ | ၅၃၉ | ၃၄၃ | ၈၄ | ၂၅၉ | ၂၈,၂၃၃ | ၂၉,၄၄၀ |
